အိတ်ဖွင့်တင်ဒါ တင်သွင်းသူများ
လိုက်နာရမည့် စည်းကမ်းချက်များ

အိတ်ဖွင့်တင်ဒါတင်သွင်းသူများ လိုက်နာရမည့်စည်းကမ်းချက်များ

၁။ အိတ်ဖွင့်တင်ဒါတင်သွင်းရာတွင် ပါဝင်ရမည့် အချက်များ

အောက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၁.၁။ စျေးနှုန်းအဆိုပြုလွှာတွင် lot (၁)ခုချင်းအလိုက်တန်ဘိုးကို မြန်မာကျပ်ငွေဖြင့် တင်သွင်းရမည်။

၁.၂။ တင်ဒါတင်သွင်းသူသည် lot အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။

၁.၃။ Lot အလိုက် လုပ်ငန်းများ၏ခွင့်ပြုရန်ပုံငွေအတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသော အနိမ့်ဆုံးတန်ဖိုးများကို တွက်ချက်တင်ပြရမည်။

၁.၄။ တင်ဒါတင်သွင်းသော တန်ဖိုးများတွင် လုပ်ငန်းတစ်ခုချင်းအလိုက် မြို့ပြလုပ်ငန်း၊ ရေသန့်လုပ်ငန်း၊ လျှပ်စစ်လုပ်ငန်းများ ခွဲခြား၍ တင်သွင်းရမည် ဖြစ်သည်။

၁.၅။ တင်ဒါတွင် လုပ်ငန်းစီမံချက်ဇယားနှင့် တိကျသော ပြီးစီးမည့် ရက်စွဲအား သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် သေချာစွာဖော်ပြပါရှိရမည်။

၁.၆။ တင်ဒါတင်သွင်းရာတွင် လုပ်ငန်းစံချိန်စံညွှန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာတွက်ချက်မှုများ၊ ကုမ္ပဏီဆိုင်ရာအချက်အလက်များကို အသေးစိတ်ဖော်ပြပြီး ပထမစာအိတ်တွင် ထည့်သွင်း၍ တင်ပြရပါမည်။ မိမိတင်ဒါပြိုင်သည့် Lot ၏ တန်ဖိုးကို ဒုတိယစာအိတ်တွင် ထည့်သွင်း၍ တင်ပြရပါမည်။

မှတ်ချက်။ ကိုးကားသုံးစွဲသည့် စံချိန်စံညွှန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် Myanmar National Building Code(2016)ကို လိုက်နာရမည်။ ကြမ်းခင်းစျေးနှုန်းများ တွက်ချက်ပြုစုရာတွင် ၂၀၁၄ ခုနှစ်တွင် အသစ်ဖြန့်ဝေသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းအခြေခံစံနှုန်းများ (Analysis of Rates)(အဆောက်အဦ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတား၊ ရေသန့်၊ လျှပ်စစ်နှင့် သုတေသနဓါတ်ခွဲခန်း)ကို အခြေပြု တွက်ချက်ရပါမည်။

၂။ ကျွမ်းကျင်မှုဆိုင်ရာအတွက် ပါဝင်ရမည့် အချက်များ

ကျွမ်းကျင်မှုဆိုင်ရာအတွက် အောက်ဖော်ပြပါအချက်များကို ဖော်ပြရမည်။

(က) ဆောင်ရွက်ပြီး အလားတူလုပ်ငန်းများအပေါ် အခြေခံသည့် ကုမ္ပဏီ၏ အတွေ့အကြုံများ

(က - ၁) ကုမ္ပဏီနှင့် ပူးတွဲ၍ ဆောင်ရွက်ခဲ့ဖူးသော သက်ဆိုင်ရာဝန်ကြီးဌာနရှိ အင်ဂျင်နီယာများ၏ ထောက်ခံမှု

(က - ၂) ယခုတင်ဒါခေါ်သည့် လုပ်ငန်းများနှင့် အလားတူဆောင်ရွက်ခဲ့ဖူးသော လုပ်ငန်းအတွေ့အကြုံနှင့် ငွေကြေးဆိုင်ရာများ

- လုပ်ငန်းမှတ်တမ်းဓါတ်ပုံ၊ လက်မှတ်ရေးထိုးထားသော ထောက်ခံချက်ရှိပါက တင်ပြရန်၊
- ဌာနအကြီးအကဲထောက်ခံချက်(သက်ဆိုင်ရာဝန်ကြီးဌာနမှဦးဆောင်ညွှန်ကြားရေးမှူး(သို့မဟုတ်)ညွှန်ကြားရေးမှူးချုပ်ကိုဆိုလိုသည်)
- အဆိုပါ ဆောင်ရွက်ခဲ့ဖူးသော လုပ်ငန်းအပေါ်တွင် Withholding Tax ပေးဆောင်မှု စာရွက်စာတမ်းတင်ပြရန်၊
  Income Tax ပေးဆောင်မှု စာရွက်စာတမ်း တင်ပြရန်၊

(က - ၃) ယခုတင်ဒါခေါ်သည့် လုပ်ငန်းနှင့် ပုံစံမတူသော်လည်း လုပ်ငန်းပမာဏတူသည့် အခြားလုပ်ငန်းများ၏အတွေ့အကြုံနှင့် ငွေကြေးဆိုင်ရာများ

- လုပ်ငန်းမှတ်တမ်းဓါတ်ပုံ၊ လက်မှတ်ရေးထိုးထားသော ထောက်ခံချက်ရှိပါက တင်ပြရန်၊
- ဌာနအကြီးအကဲထောက်ခံချက်(သက်ဆိုင်ရာဝန်ကြီးဌာနမှဦးဆောင်ညွှန်ကြားရေးမှူး(သို့မဟုတ်)ညွှန်ကြားရေးမှူးချုပ်ကိုဆိုလိုသည်)
- အဆိုပါ ဆောင်ရွက်ခဲ့ဖူးသော လုပ်ငန်းအပေါ်တွင် Withholding Tax ပေးဆောင်မှု စာရွက်စာတမ်းတင်ပြရန်၊
  Income Tax ပေးဆောင်မှု စာရွက်စာတမ်း တင်ပြရန်၊

(ခ) လုံလောက်သော လုပ်ငန်းကျွမ်းကျင်နားလည်မှုအပေါ် အခြေခံသည့် ကျွမ်းကျင်မှုဆိုင်ရာတွက်ချက်မှု

(ခ - ၁) - BQ တင်ပြရန်(တန်ဖိုးမပါ)
- စက်ယန္တရားနှင့် ပစ္စည်းစုဆောင်းမှု အသေးစိတ် တင်ပြရန်၊
- တည်ဆောက်ရေးနည်းစနစ် တင်ပြရန်၊

(ခ - ၂) - လုပ်ငန်းစီမံချက်(Work Programme)တင်ပြရန်၊
- တည်ဆောက်မည့် လုပ်ငန်းအား မည်သည့်ရက်တွင် စတင်၍ မည်သည့်နေ့အတွင်း ပြီးစီးမည်ကို လုပ်ငန်းအဆင့်ဆင့်အလိုက် ဖော်ပြရန်၊
- လုပ်ငန်းပမာဏအလိုက် Bar Chart ပုံစံဖြင့် ရေးဆွဲတင်ပြရန်၊ Work Plan တွင် စက်/ယာဉ်ယန္တရား၊ လူအင်အား၊ တည်ဆောက်ရေးပစ္စည်းအင်အား တို့ကို ဖော်ပြရန်၊

(ဂ) ကုမ္ပဏီ၏ဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အား၊ စက်/ယာဉ်ယန္တရားနှင့် ငွေကြေးလည်ပတ်သုံးစွဲမှု

- ကုမ္ပဏီ၏ မှတ်ပုံတင်နံပါတ်နှင့် အသိအမှတ်ပြုမိတ္တူ ပူးတွဲတင်ပြရန်၊
- ကုမ္ပဏီ၏ ဝန်ထမ်းအင်အားတင်ပြရန်၊
- (၁)နှစ်စာလစာ ပေးချေမှုအထောက်အထားတင်ပြရန်၊

- စက်/ယာဉ်ယန္တရား ပိုင်ဆိုင်မှုစာချုပ်နှင့် အာမခံကတ် မိတ္တူ တင်ပြရန်၊
- အရှုံးအမြတ်စာရင်း(Profit & Loss)၊ လက်ကျန်ရှင်းတမ်း(Balance Sheet)နှင့် ငွေသားစီးဆင်းမှုရှင်းတမ်း(Cash Flow Statement)တင်ပြရန်၊
- ဘဏ်စာရင်းရှင်၏ Bank Statement တင်ပြရန်၊
- သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းမှ အသိအမှတ်ပြုထားသည့် ကုမ္ပဏီ၏ အဆင့်အတန်းလက်မှတ်/ကန်ထရိုက်မှတ်ပုံတင်လက်မှတ် တင်ပြရန်၊

(ဃ) တည်ဆောက်မည့် တည်ဆောက်ရေးလုပ်ငန်းအင်ဂျင်နီယာများ/မန်နေဂျာများ၏ ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံများ၊

(ဃ - ၁) တည်ဆောက်ရေးအင်ဂျင်နီယာတစ်ဦးချင်းစီ၏ကိုယ်ရေးမှတ်တမ်း(CV) ပူးတွဲတင်ပြရန်(ပညာအရည်အချင်း/အသိအမှတ်ပြုလက်မှတ်၊ လုပ်ငန်းအတွေ့အကြုံများ/ သက်ဆိုင်ရာဌာနအကြီးအကဲ ထောက်ခံချက် ပူးတွဲတင်ပြရန်)

(ဃ - ၂) တည်ဆောက်ရေးလုပ်ငန်းမန်နေဂျာများ၏ကိုယ်ရေးမှတ်တမ်း (CV) ပူးတွဲတင်ပြရန်(ပညာအရည်အချင်း၊ အသိအမှတ်ပြုလက်မှတ်၊ လုပ်ငန်းအတွေ့အကြုံ၊ သက်ဆိုင်ရာဌာနအကြီးအကဲ ထောက်ခံချက် ပူးတွဲတင်ပြရန်)

(ဃ - ၃) တင်ဒါယှဉ်ပြိုင်သည့် တည်ဆောက်ရေးလုပ်ငန်းအတွက် လုပ်ငန်းခွင်အင်ဂျင်နီယာနှင့် လျာထားဖွဲ့စည်းမည့် ဝန်ထမ်းအင်အား၊ ဖွဲ့စည်းပုံ၊ တာဝန်ပေးသည့် လုပ်ငန်းကဏ္ဍဖော်ပြရန်၊

၃။ အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်

တင်ဒါပိတ်သိမ်းသည့်နေ့မှ တစ်ပတ်အတွင်း အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများကို တင်သွင်းသူများအားလုံးရှေ့တွင် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန/ သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များ၏ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးအဖွဲ့ခွဲမှ တင်သွင်းသည့် ဈေးနှုန်းအား ဖွင့်ဖောက်မှတ်တမ်းတင်မည်။

၄။ အိတ်ဖွင့်တင်ဒါအာမခံကြေး ပေးသွင်းခြင်း

တင်ဒါတင်သွင်းရာတွင် အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် lot (၁)ခုချင်းအလိုက် သတ်မှတ်ထားရှိမည်ဖြစ်ပြီး **သက်ဆိုင်ရာတက္ကသိုလ်/ကောလိပ်များ၏ ဘဏ္ဍာရေးဌာနသို့** ပေးသွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းသည့်နေ့တွင်ဘဏ္ဍာရေးဌာနမှအိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် ခန့်မှန်းလုပ်ငန်းတန်ဖိုး၏(၁%)အား ပေးသွင်းပြီးကြောင်း ထောက်ခံမှသာ တင်ဒါကို လက်ခံမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါ မအောင်မြင်သူများအား အာမခံကြေး ပြန်ထုတ်ပေးခြင်း

အိတ်ဖွင့်တင်ဒါ မအောင်မြင်သူများ၏ အိတ်ဖွင့်တင်ဒါ အာမခံကြေးအား တင်ဒါအာမခံငွေသွင်းလက်ခံဖြတ်ပိုင်း တင်ပြပါက(၁)ပတ်အတွင်း ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။

ငွေသွင်း လက်ခံဖြတ်ပိုင်း မတင်ပြနိုင်ပါက ငွေပေးသွင်းထားကြောင်းနှင့် လက်ခံဖြတ်ပိုင်း ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ကုမ္ပဏီဘုတ်အဖွဲ့ဝင်အားလုံး၏ ထောက်ခံစာ တင်ပြပါက (၁)ပတ်အတွင်း ပြန်လည် ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ Performance Guarantee (၅ %) ပေးသွင်းခြင်း

အိတ်ဖွင့်တင်ဒါအောင်မြင်သူများ၏ Performance Guarantee အနေဖြင့် တင်ဒါတန်ဖိုး၏ (၅ %) ကို (၅) ရက်အတွင်း ပေးသွင်းပြီး အာမခံကြေးအား (၇) ရက်အတွင်း ပြန်လည် ထုတ်ပေးမည်ဖြစ်ပါသည်။ Performance Guarantee (၅ %) ကို တည်ဆောက်ရေး လုပ်ငန်းများ Completion Certificate ရရှိပြီး (၁) နှစ် ပြည့်မှသာ ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။

မှတ်ချက်။ Performance Guarantee ထုတ်ပေးပြီးသော်လည်း တည်ဆောက်သည့် ကုမ္ပဏီသည် တည်ဆောက်သည့်လုပ်ငန်း၏ တည်တံ့ခိုင်မြဲမှုကို မလွန်ဆန်နိုင်သော ဖြစ်ရပ်မှလွဲ၍ အနည်းဆုံး (၂)နှစ် ပြည့်သည်အထိ တာဝန်ရှိနေမည် ဖြစ်ပါသည်။

၇။ စာချုပ်ချုပ်ဆိုခြင်း

၇.၁။ တင်ဒါတင်သွင်းသူသည် မိမိ၏ တင်ဒါအောင်မြင်မှုအတွက် အစိုးရအရာရှိများထံမှ လည်းကောင်း၊ ဩဇာတိက္ကမရှိသော ပုဂ္ဂိုလ်များထံမှလည်းကောင်း အကူအညီရရှိရန် ကြိုးစားလျှင်တင်ဒါအားပယ်ဖျက်မည်ဖြစ်ပါသည်။ တင်ဒါကော်မတီသည် တင်ဒါအား လုံးသို့မဟုတ် တင်ဒါအချို့အား ငြင်းပယ်နိုင်သည်။ ဝင်ရောက် ယှဉ်ပြိုင်ရာတွင် နိုင်ငံတော် နှင့် ဌာနအကျိုးအားနှောက်ယှက်လိုသော ဆန္ဒဖြင့် ဝင်ရောက်ဆောင်ရွက်ပြီး အမှန်လုပ်ငန်း မဆောင်ရွက်နိုင်သော အဖွဲ့များ၊ ၎င်းအဖွဲ့များတွင် ပါဝင်သော ပုဂ္ဂိုလ်များအား နောင်တွင် လုံးဝတာဝန်ပေးအပ်မည် မဟုတ်ပါ။

၇.၂။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှင့် သက်ဆိုင်ရာတက္ကသိုလ်/ကောလိပ်တို့ လုပ်ငန်း သဘောတူညီမှု စာချုပ်အား (၁)ပတ်အတွင်း ချုပ်ဆိုမည် ဖြစ်ပါသည်။

၇.၃။ တင်ဒါမအောင်မြင်ပါက တင်ဒါပုံစံကြေးအား ပြန်လည်ထုတ်ပေးမည် မဟုတ်ပါ။

၇.၄။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှင့် ဒါရိုက်တာအဖွဲ့တို့သည် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စာချုပ်ပါ စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်ခြင်းမရှိပါက စာချုပ်ပါ ပြစ်ဒဏ်များအရ အရေးယူပြီး နောင်တွင် သက်ဆိုင်ရာတက္ကသိုလ်/ကောလိပ်မှ ခေါ်ယူသည့် အိတ်ဖွင့်တင်ဒါများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။

အထက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသော ကုမ္ပဏီများကို တင်ဒါရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

Structure နှင့် QC ဆိုင်ရာလိုက်နာရန်

၁။ အဆောက်အဦများ ဆောက်လုပ်ရာတွင်ပုံစံပါ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အနည်းဆုံးစံထား၍ ဆောက်လုပ်ရပါမည်။ မြေသားပေါ်မူတည်၍ လုံလောက်သော အနက်၊ ပိုမိုခိုင်ခံ့သော ဖောင်ဒေးရှင်းဒီဇိုင်းကို ဒေသအခြေအနေအရ ပြုလုပ်ပေးရပါမည်။

၂။ စာသင်ခန်းအတွင်း သဲဆန်သောမြေနှင့် သဲမြေများသာ ဖြည့်ရပါမည်။ ရွှံ့စေးမြေ၊ ကြပ်တည်းမြေများ မဖြည့်ရပါ။

၃။ အုတ်စီဘိလပ်အချိုး/ပလာစတာ ဘိလပ်မြေအချိုးကို (၁း၄)ထက် မနည်းစေရပါ။ပထမတန်းစားအုတ်များသာ အသုံးပြုရပါမည်။

၄။ ပူးတွဲပါရှိသော BP ပုံစံအတိုင်းဆောက်လုပ်ပေးရပါမည်။ ပြောင်းလဲဆောက်လုပ်ရန်လိုပါက မူလစံချိန်စံညွှန်းထက်ပိုမိုကောင်းမွန်ခိုင်ခန့်သော အဆိုပြုပုံစံ ရေးဆွဲတင်ပြ၍ အတည်ပြုချက်ရယူပြီး မှဆောက်လုပ်ရန် ဖြစ်ပါသည်။

၅။ RCC Concrete အသုံးပြုသော သံချောင်းအရည်အသွေးများအတွက် သက်ဆိုင်ရာ အဆောက်အဦများ၏ Design တွင်ခံနိုင်သော Strength Quality ရှိရပါမည်။ Concrete နှင့် သံချောင်းများအတွက် Strenght Test ပြည့်မီစေရပါမည်။

၆။ ရွှံ့မြေပျော့၊ ကြပ်တည်းမြေများအတွက် မြေမာရရန် မြေကျင်းတူးခြင်း၊ ကျောက်ကြီးဖြည့်ခြင်းများလိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးရပါမည်။

၇။ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ရေရှည်ခံနိုင်မည့်အရည်အသွေးရှိပစ္စည်းများ ကျောင်းသားများနှင့်သင့်တော်ခိုင်ခန့်သည့် ပစ္စည်းများ အသုံးပြုရပါမည်။

၈။ ပတ်ဝန်းကျင်အဆောက်အဦနှင့်အများပြည်သူထိခိုက်မှုမရှိစေရန် လုံခြုံရေးအစီအစဉ်များ စနစ်တကျစီစဉ်ဆောင်ရွက်ပြီးမှ မြေတူးခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို အန္တရာယ်ကင်းစေရေးအတွက် ဆောက်လုပ်သည့်အဖွဲ့၊ ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ရပါမည်။

၉။ သံကူကွန်ကရိတ်နှင့် ယက်မများအတွက် ကွန်ကရိကာဗာ (1½) လက်မရှိရပါမည်။ တိုင်ဖိနပ်များအတွက် ကွန်ကရိကာဗာ (၃)လက်မ ရှိရပါမည်။

၁၀။ RCC ကွန်ကရိများအတွက် အနည်းဆုံးဆလင်ဒါပုံစံ ဖိအားခံနိုင်မှု 3000psi ရှိရပါမည်။

Work man shipဆိုင်ရာလိုက်နာရန်

၁။ စတီးအဆောက်အဦများအတွက် သံထည်များအားလုံးကို သံချေးပြောင်အောင်သန့်စင်၍ ဆီဆေး (၂)ထပ် သုတ်ပြီးမှမျက်နှာကျက်တပ်ဆင်ခြင်း၊ အုတ်စီခြင်း ပြုလုပ်ရပါမည်။

၂။ အဆောက်အဦအမိုးများကို မိုးလုံအောင်ပြုလုပ်ပေးရပါမည်။ မိုးရွာသည့်အချိန်တွင် အမိုးများကို စစ်ဆေး၍ မိုးယိုပါက မိုးလုံအောင်ပြုပြင်ပေးရပါမည်။

၃။ အဆောက်အဦဆောက်လုပ်ပြီးပါက အဆောက်အဦအတွင်းသန့်ရှင်းရေး၊ အဆောက်အဦပြင်ပ ပတ်လည်သန့်ရှင်းရေး၊ ပြတင်းပေါက်၊ တံခါးပေါက်၊ မှန်လည်ပေါက်များရှိ မှန်များပေါ်တွင် ရေးခြစ်ထားသော အမှတ်အသားများကို ပြောင်စင်အောင်သန့်ရှင်းပေးရပါမည်။

၄။ သံထည်များအတွက် Welding Joint အပြည့်ဆော်ခြင်း၊ Bolt &Nut စနစ်တကျ တပ်ဆင်ခြင်း၊ သံထည်ဧရိယာအားလုံး Red Oxide (Oil Paint) နှစ်ထပ်သုတ်ပေးရပါမည်။

၅။ လုပ်ငန်းခွင်အတွင်း ဆောက်လုပ်ဆဲနှင့် ဆောက်လုပ်ပြီးပစ္စည်းများ စနစ်တကျထားရှိခြင်းနှင့် ဆောက်လုပ်ခြင်းကို အန္တရာယ်ကင်းစွာ သန့်ရှင်းစွာဆောင်ရွက်ပေးရပါမည်။

၆။ မိုးယို၍ ပျက်စီးမှုများကို ပြန်လည်ပြုပြင်ပေးရပါမည်။

၇။ ပလာစတာချောပြီး နံရံများကို ပတ်တီးရိုက်ပြီးမှ ဆေးသုတ်ရပါမည်။ စာသင်ခန်းများအတွင်း ကွန်ကရိကြမ်းခင်းမှ အမြင့်(၉)လက်မ စကာတင်လိုင်းကို ပလပ်စတစ်ရေဆေးသုတ်ပေးရပါမည်။

၈။ အဆောက်အဦဆောက်လုပ်ပြီးပါက အမှိုက်နှင့်လုပ်ငန်းခွင်သုံး ပိုလျှံပစ္စည်းများကို သတ်မှတ်ထားသည့်စွန့်ပစ်နေရာသို့ စနစ်တကျ ဖယ်ရှားသန့်ရှင်းပေးရပါမည်။

လုပ်ငန်းခွင်ထားရှိရန်နှင့် ရုံးလုပ်ငန်းဆောင်ရွက်ရန်

၁။ ဆောက်လုပ်မည့်အဆောက်အဦပုံစံကို ဆောက်လုပ်သည့် ကျောင်းလုပ်ငန်းခွင်နေရာတွင် အထပ်သားပြား(၁)ချပ်ပေါ်၌ သိသာထင်ရှားအောင်ကပ်ထားပြီး ပုံစံပါအတိုင်းစနစ်တကျ ဆောင်ရွက်ရပါမည်။ ရုံးခန်းတွင် ဆောက်လုပ်မည့်အဆောက်အဦပုံစံများကို အချိန်မရွေးကြည့်ရှုစစ်ဆေးနိုင်ရန် အဆင်သင့် ထားရှိရပါမည်။ ကျောင်းဆောင်ပုံစံများကို ဆောက်လုပ်ခွင့်ရသည့် ဆောက်လုပ်ရေးအဖွဲ့မှ မိတ္တူကူး၍ စီစဉ်ဆောင်ရွက်ပေးရပါမည်။

၂။ ဆောက်လုပ်သည့် လုပ်ငန်းခွင်တွင် အောက်ပါအချက်အလက်များကို သိသာထင်ရှားသည့်နေရာတွင် ဖော်ပြထားရှိရပါမည်။

(က) အဆောက်အဦအမည် ----------

(ခ) ဆောက်လုပ်သည့်အဆောက်အဦ အမျိုးအစား ----------

(ဂ) ဆောက်လုပ်သည့်အဖွဲ့အစည်း ----------

(ဃ) ဆောက်လုပ်သည့် တာဝန်ခံအမည် ----------

(c) ဆက်သွယ်ရန်ဖုန်းနံပါတ် ----------

(စ) တာဝန်ခံအင်ဂျင်နီယာအမည် ----------

(ဆ) ဆက်သွယ်ရန်ဖုန်းနံပါတ် ----------

(ဇ) ဆောက်လုပ်ရေးအဖွဲ့၏ ဒေသလိပ်စာ ----------

(စျ) ဆက်သွယ်နိုင်သော ဆောက်လုပ်ရေးအဖွဲ့၏ပင်မလိပ်စာ ----------

(ည) ဆက်သွယ်ရန်ဖုန်းနံပါတ် ----------

၃။ Bill Of Quantity, Abstract of Cost, Builder Estimate, Detail of Measurement များကို ဒေသပေါက်ဈေးနှုန်းဖြင့် တင်ပြရမည်။

၄။ တည်ဆောက်ရေးလုပ်ငန်းစီစစ်ရေးကော်မတီသို့ လိုအပ်သောပုံစံများ ပြုစုပေးခြင်းကို တာဝန်ယူ ဆောင်ရွက်ရပါမည်။

၅။ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်မှု အဆင့်တိုင်းအား နေ့စဉ်မှတ်တမ်းစာအုပ်ထားရှိလျက် မှတ်တမ်းရေးသွင်းကာ တာဝန်ခံအင်ဂျင်နီယာ၏ ခွင့်ပြုလက်မှတ်ပါရှိရပါမည်။ ဓါတ်ပုံမှတ်တမ်း များထားရှိရပါမည်။ အထူးသဖြင့် ပြန်လည် စစ်ဆေးရန်မလွယ်ကူသော လုပ်ငန်းများ၊ အောက်ခြေ အုတ်မြစ်နှင့်မြေကြီးလုပ်ငန်းများအား သိသာထင်ရှားစွာ ပြန်လည်တင်ပြနိုင်သည့် မှတ်တမ်းဓါတ်ပုံ နှင့်အတူ ဆောင်ရွက်မှု မှတ်တမ်းများ၊ အရည်အသွေးစစ်ဆေးထားသည့် အစီရင်ခံစာ မှတ်တမ်း များထားရှိ တင်ပြနိုင်ရမည်။